# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## သတ္တမနေ့အစီအစဉ်

## ၁၅-၆-၂၀၂၆ (တနင်္လာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)၏** ''ကလေးမြို့၊ ကုတင်-၃ဝဝဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော ဝန်ထမ်းဆရာဝန်များနှင့် သူနာပြုများခန့်ထားပေးနိုင်ရေး လုံလောက်သောဆေးဝါးများ ရောက်ရှိနိုင်ရေး၊ ဆေးရုံသုံးလုပ်ငန်းများတွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော Solar System ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများ အချိန်မီ ရောက်ရှိရေး မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်းနှင့် သယ်ယူစဉ်ခက်ခဲသော ကျောင်းသုံးပရိဘောဂများအား အခြားနည်းလမ်းများဖြင့် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ရေဦးမြို့တွင် လက်ရှိ လျှပ်စစ်မီးပြတ်တောက်နေမှုကြောင့် စာသင်ကျောင်းများနှင့် ပညာရေးရုံးများ၊ ကျောင်းနှင့်ရုံးပိုင်းဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် ခက်ခဲမှုများ ရှိနေသဖြင့် ဆိုလာစနစ် တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဒေါ်ဆန်းစစ်ရှိုး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ထမံသီ-ဆွမ္မရာ-လေရှီးလမ်းပိုင်းအား လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ဟုမ္မလင်းမြို့နယ်အတွင်းရှိ မဟာဇမ္ဗူဟာလမ်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းအပိုင်း ဟုမ္မလင်း-နောင်ပိုအောင်ကြားရှိ ကွန်ကရစ်ခင်းရန် ကျန်ရှိသည့်လမ်းအပိုင်းအား ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မြင်းမူမြို့အတွင်းရှိ ဓာတ်မြေဩဇာ၊ ပိုးမွှားကာကွယ်ဆေး အစရှိသော စိုက်ပျိုးရေးသုံးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသဖြင့်လည်းကောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာ(၁၀၆၂)စီးအတွက် စက်သုံးဆီများကိုလည်းကောင်း သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(ကက) ''၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)ပါ ဥပဒေပြုရေးကဏ္ဍဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အဦနှင့် ပတ်ဝန်းကျင်အား (၁၂)လရာသီ စိမ်းလန်းစိုပြေ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဌာနတစ်ခုအား သီးသန့်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခခ) ''မုံရွာမြို့၊ မြို့ပေါ်ရပ်ကွက်ရှိ အများပြည်သူသွားလာနေသော လမ်းမကြီးများအပေါ်ထိရောက်အောင် ကျူးကျော်ပြီး ရောင်းချမည့်ပစ္စည်းများ စုပုံခြင်းတို့ကို သက်ဆိုင်ရာဌာနများမှ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသန ပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။